

# ဇော်ဂျီ

## ပေဒါလမ်း

ကဗျာစု

ဆရာဇော်ဂျီ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ပြန်လည် ထုတ်ဝေသည်၊

# မာတိကာ


| | |
|---|---|
| (၁)မယ့်လမ်းပါလား | ၃ |
| (၂)မယ့်လမ်းပါတဲ့ | ၅ |
| (၃)ဘယ်ရွာဆိပ်ကမ်း | ၆ |
| (၄)မှန်းဖို့လိုပဲ | ၇ |
| (၅)တက်ချိန်နှင့် ကျချိန် | ၈ |
| (၆)ရဲခဲ့သည်ပဲ့ | ၉ |
| (၇)တေးစုံနဲ့ပဲ | ၁၀ |
| (၈)မျှောလျက်သာပဲ | ၁၁ |
| (၉)စုန်ဆန်ရတရား | ၁၂ |
| (၁၀)ပန်းပန်လျက်ပဲ | ၁၃ |
| (၁၁)တွေးမိပါစ | ၁၄ |
| (၁၂)စိုင်းဦးမှာလား | ၁၅ |
| (၁၃)ဆိုင်ခင်းလျက်ပဲ | ၁၆ |
| (၁၄)ချောင်းရဲ့အလှ | ၁၇ |
| (၁၅)သူ့လမ်းစဉ် | ၁၈ |
| (၁၆)ချောင်းလှဖို့ကို | ၁၉ |
| (၁၇)ဗေဒါနှင့်ကျူပင် | ၂၀ |
| (၁၈)ပွင့်ဖူးတံချီ | ၂၁ |
| (၁၉)ချောင်းတခွင် | ၂၂ |
| (၂၀)တင်းရပုံပဲ | ၂၃ |
| (၂၁)လှလိုက်မှာပဲ | ၂၄ |
| (၂၂)ဒီတရား | ၂၅ |
| (၂၃)တိုးထွက်နိုင်မှ | ၂၆ |
| (၂၄)မယ့်ဖြစ်နည်း | ၂၇ |
| (၂၅)စုန်တခါ ဆန်တလှည့် | ၂၈ |
| (၂၆)ချောင်းကထွေထွေ | ၂၉ |
| (၂၇)မင်းလိုက်လာစမ်း | ၃၀ |
| (၂၈)ပန်းဝင်နိုင်ပါရဲ့ | ၃၁ |
| (၂၉)ကြံဖန်ရ | ၃၂ |
| (၃၀)ပန်းခဲ့သည်ပဲ | ၃၃ |
| (၃၁)မင်းပါမှပဲ | ၃၄ |
| (၃၂)ပန်းသိပါရဲ့ | ၃၅ |
| (၃၃)မင့်စေနာ | ၃၆ |
| (၃၄)မယ့်သဘော | ၃၇ |
| (၃၅)ဗေဒါခင်အသိ | ၃၈ |
| (၃၆)မယ့်အိမ်ပဲ | ၃၉ |
| (၃၇)လမ်းရိုးပါကွဲ့ | ၄၀ |
| (၃၈)ဒီရေသမီး | ၄၁ |
| (၃၉)သီပါမြည်ပါ | ၄၂ |
| (၄၀)ချောင်းမအသိ | ၄၃ |
| (၄၁)တလှည့်စီ စုန်ဆန်မြဲ | ၄၄ |
| (၄၂)အတ္ထုပ္ပတ္တိအကျဉ်း | ၄၅ |

# မယ့်လမ်းပါလား

ပန်းနီလာ ဖေဒါ ဆင်သလို့
ယဉ်လှတယ်လေး၊
စုန်ချည် ဆန်ချည်နဲ့
ဒီချောင်းရေ ဖေဒါလမ်းမှာ
တန်းစီလို့လေး၊

အိုအချင်း ကျူရိုးရှင်၊
မဖေဒါ ပြာလဲ့လန်း၊ ကမ်း ကပ်မယ် ပြင်၊
စံပယ်လှ ပွင့်ဖြူစင်၊ ကမ်းခွင်က ငယ်ကျွမ်း၊
သူ့လိပ်ပြာ ခြံအရံနဲ့
သူစံရာ သူပျော်မွေ့၊ ပြေးတွေ့ချင်စမ်း တဲ့၊

တွေ့ချင်တဲ့ စေတနာရယ်၊
ငယ်ကျွမ်းဆွေ လွမ်းဝေတေး ပေမို့
အေးချိုလှတယ်၊

လိပ်ပြာက ဝတ်ရည်သယ်၊ စံပယ်က မအား၊
ပွင့်ဖူးတဝေဝေနဲ့
ဒီချောင်းရေ ဖေဒါလမ်း၊ မယ့်လမ်းပါလား၊

အိုအချင်း ကျူရိုးရှင်
မဖေဒါ ပြာလဲ့လန်း၊ ကမ်းကပ်ပြန်ချင်၊
ဟိုအကွေ့မှာလ
ကိုရင်ဖေ့ ချစ်ရေစင်၊ ပျိုခင်ရဲ့အနွဲ့၊
ပျို့လက်မှာ မယ်ဖေဒါက
ပျို့မျက်နှာ ချစ်အုံ့ပုန်းကို ပြုံးကြည့်ချင်ငဲ့ တဲ့၊

http://Myanmarmusic.homeip.net

ကြည့်ချင်တဲ့ စေတနာရယ်၊
သနားဖွယ် ချစ်ဖွယ်တေးပေမို့
အေးချိုလှတယ်၊
ချစ်စနိုးရယ်နဲ့
မြစ်ရိုးက အပြာခြယ်ကို
ပျိုနယ် လိုက်လေမလား၊
ပွင့်ဖူးတဝေဝေနဲ့
ဒီချောင်းရေ ပေဒါလမ်း၊ မယ့်လမ်းပါလား၊

အိုအချင်း ကျုံရိုးရှင်
မပေဒါ ပြာလဲ့လန်း၊ ကမ်းကပ်ပြန်ချင်၊
ထီးတော်က တချွင်ချွင်၊ ကွင်းပြင်က ဘုရား၊
နေမင်းညိုချိန်တန်ပေါ့
နိဗ္ဗာန်ကို စိတ်ကြံကူး၊ ဖူးချင်လျက်သား တဲ့၊

ဖူးချင်တဲ့ စေတနာရယ်၊
နိဗ္ဗိန္ဒာ ဂီတာတေးပေမို့၊ အေးချိုလှတယ်၊
ကျွတ်ဆုကိုရွယ်၊ လွယ်ပါတော့အရ၊
ပွင့်ဖူးတဝေဝေနဲ့
ဒီချောင်းရေ ပေဒါလမ်း၊ မယ့်လမ်းသာပဲ့၊

ချောင်းရေက ဖောင်၊ တောင်လေက သွေး၊
ရွက်လင်းယည် မြိုင်မြိုင်နဲ့
ပန်းတိုင်ကို ပန်းခိုင်ဆိုက်အောင်၊
အားစိုက်ပါလေး။ ။

**ရန်ကုန်တက္ကသိုလ် နှစ်လည်စာစောင် (၁၉၅၇–၁၉၅၈)**

K M Htike

http://myanmarmusic.homeip.net

# မယ့်လမ်းပါတဲ့

ဒီချောင်းမှာ ရှင်၊ ဗေဒါခင် ပြာလဲ့၊
စံပယ်ကို ယိုးမယ်ဖွဲ့၊ ကမ်းကပ်ချင်ခဲ့၊

ဒီချောင်းမှာ ရှင်၊ ဗေဒါခင်ပြာလဲ့၊
ပျိုမယ်ကို ယိုးမယ်ဖွဲ့၊ ကမ်းကပ်ချင်ခဲ့၊

ဒီချောင်းမှာရှင်၊ ဗေဒါခင်ပြာလဲ့၊
စေတီငယ် ယိုးမယ်ဖွဲ့၊ ကမ်းကပ်ချင်ခဲ့၊

လင်းယုဉ်နဲ့ တချိချို၊
ကျူရိုးရှင် သူ့စကား၊ နားကျခဲ့ပြီ၊
ကျွတ်ဆုမြတ် စလွယ်ချည်၊ ဗေဒါရီပြာလဲ့၊
စုန်ချည် ဆန်ချည်နဲ့
ဒီချောင်းရေ ဗေဒါလမ်း၊ မယ့်လမ်းပါတဲ့။ ။

http://Myanmarmusic.homeip.net

# ဘယ်ရွာ ဆိပ်ကမ်း

ချောင်းပြင်မှာ စီတန်းလို့
ဗေဒါပန်း ရေကြောင်ဆွေ၊ မျောလို့သာနေ၊
ကမ်းကွေ့မှာခွေ၊ ကမ်းပြေတော့ စင်း၊
သည်ချောင်းရေ လေမခတ်တယ်
စီးတတ်လေခြင်း၊

ကျူရိုးရှင် ပီပီမှုတ်လို့
ဘုတ်မကို သူကပြိုင်၊ ချောင်းစပ်မှာ ထိုင်၊
ဘုတ်မက တိုင်၊ ကျူကိုင်က အေး၊
ရေစီးနဲ့လာ၊ ရေသာမှာပြန်လို့မြန်းတဲ့
မဗေဒါ စုန်ဆန်ပန်းကို၊ လွှမ်းတယ်တဲ့လေး၊

စုန်ပါတဲ့ ဆန်ပါ၊
ကျူရိုးရှင် ပီပီကလေးနဲ့၊ တေးချိုလို့သာ
ဘယ်မြို့ကလာ၊ ဘယ်ရွာဆိပ်ကမ်း၊
အပွင့်အပြာရောင်နဲ့
ဘယ်သောင်မှာ နေချိုအေးလျှင်
မေးအိပ်မယ်မှန်း။ ။

http://Myanmarmusic.homeip.net

K M Htike

# မှန်းဖို့လိုပဲ

မပေဒါ၊ ဘယ်ရွာ ဘယ်စခန်းနဲ့
ဘယ်ကမ်းခြေ ဘယ်ရေဆိပ်မှာမှ၊ နေအိပ်လို့ပဲ၊
ဒီတက်လျှင်ပျော်
ပေဒါမော် ရေကျော်ဆိုက်အောင်
ဆန်လိုက်သည်ပဲ၊

မပေဒါ၊ ဘယ်ရွာ ဘယ်စန်းနဲ့
ဘယ်ကမ်းခြေ ဘယ်ရေဆိပ်မှာမှ နေအိပ်လို့ပဲ၊
ဒီကျလျှင် ရွှင်
ပေဒါခင်ပင်လယ်ဆိုက်အောင်
စုန်လိုက်သည်ပဲ၊

ဘုတ်မက အီ၊ ပီပီက သံမစဲ၊
မပေဒါ စုန်ဆန်လမ်းကို မှန်းဖို့လိုပဲ။ ။

ရန်ကုန်တက္ကသိုလ် နှစ်လည်စာစောင်(၁၉၅၇–၁၉၅၉)

http://myanmarmusic.homeip.net

# တက်ချိန်နှင့် ကျချိန်

ဖျိုင်းညီနောင်၊ အတောင်က ဖြူဖွေး၊
ကမ်းစပ်ကိုကြည့်
ကွင်းပြင်ကို စားကျက်ပြောင်းကြပေါ့
ချောင်းအောက်ခွင် ပင်လယ်ဝမှာ ဒီကြွပြီလေး၊

ကဏန်းမ ရွံ့စိုစို၊ တကိုယ်လုံး နီတွေး၊
တွင်းဝ လတာပြင်က
ခရာပင် တွယ်ကာတက်လေတော့
တောင်ဘက်ခွင် ပင်လယ်စွန်းမှာ ဒီတွန်းပြီလေး၊

ပုစဉ်းကောင်၊ အတောင်က ငွေမှေး၊
ကမ်းစပ် ကျူတရုံက
သူမလုံ သူခုန်ထွက်လေပေါ့၊ ဒီတက်ပြီလေး၊
ဒီတက်ချိန်တန်၊ ဆန်လာပေါ့ ဖေဒါပန်း၊
ကျူရိုးရှင် ကျူတံတီး၊ ဆီးကြိုလို့လွမ်း၊

ဖျိုင်းညီနောင်၊ အတောင်က ဖြူဖွေး၊
ကမ်းစပ်မှာ ငိုင်
သူ့လည်တိုင် စွေတစောင်းနဲ့
ရေတံငါ အစာချောင်းပြန်ပေါ့  ဒီညောင်းပြီလေး၊
ကဏန်းမ ရွံ့စိုစို၊ တကိုယ်လုံး နီတွေး၊
လက်မ တထောင်ထောင်နဲ့
တွင်းပေါင်မှာ မင်းယောင်ခင်းပြန်ပေါ့ ဒီဆင်းပြီလေး၊

ပုစဉ်းကောင်၊ အတောင်က ငွေမှေး၊
ကျူရုံမှာ သူလုံခပြန်ပေါ့၊ ဒီကျပြီလေး၊
ဒီကျချိန်တန်၊ စုန်ပြန်ပေါ့ ဖေဒါပန်း၊
ကျူရိုးရှင် ကျူပင်ရွက်နဲ့  ခွန်းဆက်လို့လွမ်း။ ။

K M Htike

http://myanmamusic.homeip.net

# ရဲခဲ့သည်ပဲ့

မြစ်တန်းမှာတဲ့ လေကြမ်းဆင်၊
ထန်လိုက်လေ လေမုန်တိုင်း
လှိုင်းကဘောင်ဘင်၊

တလှိုင်းထွက် တလှိုင်းဝင်၊ ပေဒါခင် ဖြစ်နဲ၊
ရေလှိုင်း ဗလပွေနဲ့
မုန်တိုင်းလေ ရေတရိုးမှာ၊ စိုးရွံ့မှာပဲ၊

မြစ်ရိုးမှာတဲ့ မိုးသက်ဆင်၊
လျှပ်ကြိုးပွဲ မိုးသံထစ်၊ မိုးစစ်ဘုရင်၊
မိုးညစ်လို့ မြစ်မမြင်၊ ပေဒါခင် ဖြစ်နဲ၊
ရေလှိုင်း ဗရပွေနဲ့
မိုးသက်လေ ရေတရိုးမှာ၊ စိုးရွံ့မှာပဲ၊

စိုးမရွံ့ တွန့်မတုန်၊
မိုးနှင့်လေ ရေရှုပ်ထွေး၊ ရွေးမျှမဖြုံ၊
ဆန်လိုက်ပြန်တုံ၊ စုန်လိုက်ပြန်ရ၊
ခေါက်ပေါင်းမရေနိုင်လို့
ပေဒါခိုင် သည်မြစ်ထဲ၊ ရဲခဲ့သည်ပဲ့။ ။

http://Myanmarmusic.homeip.net

# တေးစုံနဲ့ပဲ

တီတာတာ

ကညာ မဘောတ်က၊ ရွှေနှုတ်ချိုသွေး၊
ကျူရိုးရှင် ပီပီနွဲ့၊ လွမ်းမယ်ဘွဲ့တေး၊

ပဒေသာ

ထေရ်ဂါရည်စူးလို့၊ လှေဦးမှာ လေး၊
ကျူရိုးရှင် ပီပီနှော၊ စည်ပြောသံတေး၊

သောင်အခြေ

ခေါင်ရေ လေပြူးတော့၊ ရေရှူးတွေ ဖွေး၊
ကျူရိုးရှင် ပီပီဟိန်း၊ ဗိန်းဗောင်းသံ တေး၊

အကောင်သေ

တောင်လေရေတက်တော့၊ ရေယက်နဲ့ထွေး၊
ကျူရိုးရှင် ပီပီညှင်း၊ ငိုချင်းသံတေး၊

တက်မကူ

ရွှက်ဖြူ ပူဖေါင်းနဲ့၊ လှေလောင်း ကိုယ်လေး၊
ကျူရိုးရှင် ပီပီပျိုး၊ ဘွဲ့ကြိုးသံတေး၊

ပြူ့တပြူ

မြေငူခနိကျွန်း၊ သောင်ထွန်းပြီလေး၊
ကျူရိုးရှင် ပီပီနှော့၊ သားချော့သံတေး၊

တေးမျိုးရယ်စုံ၊ ကုန်နိုင်ပါလေပဲ၊
မပေဒါ စုန်ဆန်မြဲ၊ တေးစုံနဲ့ပဲ။ ။

http://Myanmarmusic.homeip.net

K M Htike

# မျှောလျက်သာပဲ

လေပြင်းငယ် ပွေ့၊ လေပြေလျှင် လည်း၊
ချောင်းကျယ် ဘယ်မငြင်း
ချောင်းကျဉ်းလျှင်လည်း၊

နေပူတုန်းခါ၊ မိုးရွာလျှင်လည်း၊
လသာသာ ပျိုအိုကြိုက်၊ လမိုက်လျှင် လည်း၊

အဖော်ငယ်စုံ၊ ဖော်မစုံလျှင်လည်း
ပွင့်ဖူးငုံ အကုန်လန်း၊ နွမ်းနယ်လျက် လည်း၊

စုန်ပြန်ရ အဖန်ဖန်၊ ဆန်ပြန်ရ တလဲလဲ၊
မပေဒါ ဒီရေကြောမှာ၊ မျှောလျက်သာပဲ။ ။

http://Myanmarmusic.homeip.net

# စုန်ဆန်ရ တရား

ပန်းပါဘိ ဗေဒါဆွေ၊
ကျူရိုးရှင် ပီပီကလေး၊ တေးသံက ဝေ၊
စုန်ဆန်ရ တပေပေ၊ ဒီရေနယ် တကျေး၊
ဒီချောင်းရေ ဗေဒါလမ်း၊ ပန်းဖွယ်တဲ့လေး၊

အိုအချင်း ကျူရိုးရှင်၊
နေသာမှာ ရွာရဟန်း၊ ဆွမ်းခံကြွဝင်၊
ထန်းတဖျား နေကိုမြင်၊ ရွာပြင်က တံတား၊
ဆွမ်းခံပြန် ရွာကိုရှား၊ နေ့တိုင်းပါလား၊

အိုအချင်း ကျူရိုးရှင်၊
ဟင်းရွက်စုံ နှစ်ပုံထပ်၊ လောင်းစပ်မှာတင်၊
ဈေးသမား မယားလင်
တရွာဝင် တရွာသွား၊
အိမ်အပြန် ပုဇွန်ငါး၊ နေ့တိုင်းပါလား၊

ဒီတက်တော့ သူထက်သန်၊
ဒီကျလျှင် သူရှင်လန်း၊ တန်းစီလို့ပြန်၊
အလဲလဲ အဖန်ဖန်၊ စုန်ဆန်ရတရား၊
ဗေဒါဆွေ ဒီရေသွား၊ မြင်ထားလို့လား။ ။

K M Htike

http://Myanmarmusic.homeip.net

# ပန်းပန်လျက်ပဲ

ညိုပြာပြာ လတာပြင့် ခြေရင်း၊
လှိုင်းတက်ရ ဗေဒါတက်၊ လှိုင်းသက်ရာ ဆင်း၊

ဆင်းရလည်း မသက်သာ၊
အုန်းလက်ကြွေ ရေပေါ်လော၊ မျောစုန်လို့လာ၊
အဆင်းနဲ့အလာ၊ ဗေဒါမှ အတွေး၊
အုန်းလက်ကြွေ သူ့နံဘေး၊ ဆောင့်ခဲ့ရသေး၊

ဆောင့်ခဲ့လည်း မသက်သာ
နောက်တချို့ ဒီတလုံးက၊ ဖုံးလိုက်ပြန်ပါ၊
မြုပ်လေပေါ့ ပေါ်မလာ၊ မဗေဒါ အလှ၊
တလံကွာ လှိုင်းအကြွ၊ ပေါ်လိုက်ပြန်ရ၊

ပေါ်ပြန်လည်း မသက်သာ၊
ချောင်းအဆွယ် မြောင်းငယ်ထဲက
ဘဲထွက်လို့လာ၊

ဘဲအုပ်က တရာ နှစ်ရာ
ဗေဒါက တပင်ထဲ(တည်း)၊
အယက်အကန်ခံလို့
ဗေဒါပုံ အံကိုခဲ၊ ပန်းပန်လျက်ပဲ။ ။

**တက္ကသိုလ် အိုးဝေမဂ္ဂဇင်း (၁၉၆၀)**

http://Myanmarmusic.homeip.net

# တွေးမိပါစ

ဗေဒါတဲ့ ဗေဒါ
ဒီချောင်းမှာ အမည်မွေး၊ အေးငြိမ့်သာယာ၊

မွေးသမျှ ပြန်တရာ၊ ခံစရာ အရေး
အတိုက်ခံနိုင်မှ၊ အမွေ့ခံနိုင်မှ
ထိုးငါးကိုင် ဒီဆိုင်ဝဲတဲ့
ရွှေဘဲရန် စုန်ဆန်လမ်းမှာ
ရမ်းတတ်တယ်လေး၊

မွေးမှုလည်း မဟုတ်ပါ၊
ရိုးသံရှု၍ ပဲ့တင်ထပ်၊ ချောင်းရပ်ဇရာ
စုန်ဆန်ရ လမ်းတကာမှာ၊ လမ်းမသာ ရှာကြ၊
တစိုက်စိုက်ကယ်နဲ့
အတိုက်ကို အကြိုတွေ့ပါလို့
အမွေ့ဒဏ် ခံနေကျ၊ တွေးမိပါစ။ ။

တက္ကသိုလ် အိုးဝေမဂ္ဂဇင်း(၁၉၆၀)

http://Myanmarmusic.homeip.net

K M Htike

# စိုင်းဦးမှာလား

ပင်လယ်ဝဆီက၊ ဒီတက်စ လှိုင်းဘောင်ဘင်၊
မဖေဒါ တဟုန်ထိုး၊ ချောင်းရိုးကိုဝင်
မိုးမမြင် လေမမြင်၊ ပန်းဆန်ချင်လေတိုင်း၊
ရေထဦးပေမို့
စိတ်ကူးယဉ် ယဉ်လေတိုင်း၊ ပန်းထင်ရာစိုင်း၊

အထက်ချောင်းကျတော့၊
ဒီညောင်းစ ချောင်းရေသာ
မဖေဒါ ကိုယ်ရှိန်သတ်၊ လှမ်းတတ်နိုင်ပါ၊
စိုင်းခဲ့တဲ့ ခရီးတာမှာ၊ သာနာစုံပုံခဲ့၊
ရေသင်ဖြူးပေမို့
ပွင့်ဖူးစုံ ငုံတံနဲ့၊ ပန်းမှူယာနွဲ့၊

ပန်းအလှ မဖေဒါ တဲ့
ကျူရိုးရှင် ပီပီကလေး၊ တေးသံကသာ၊
ပင်လယ်ဝဆီက
ဒီရေကျ ခွန်းစလာ၊ လွမ်းစရာပါတကား၊
မိုးမမြင် လေမမြင်နဲ့
ထိမထင် စုန်ချင်တိုင်း၊ စိုင်းဦးမှာလား။ ။

**တက္ကသိုလ် အိုးဝေမဂ္ဂဇင်း (၁၉၆၀)**

http://Myanmarmusichomeip.net

# ဆိုင်ခင်းလျက်ပဲ

အညာလေ့
အညာမြေ ကုန်ရောင်းဖို့၊ ဒီချောင်းမှာ နား၊
ထန်းလျက်ခဲရယ်နဲ့
ပဲမျိုးစုံ ကြုံလေခိုက်၊ ဝယ်လိုက်ပါလား တဲ့၊

တံငါလေ့
တံငါမြေ ကုန်ရောင်းဖို့၊ ဒီချောင်းမှာနား၊
ပုစွန်ကျားရယ်နဲ့
ငါးမျိုးစုံ ကြုံလေခိုက်၊ ဝယ်လိုက်ပါလားတဲ့၊

ကမ်းစပ်မှာမြောင်
အိုးဖောင်ကုန်ရောင်းဖို့၊ ဒီချောင်းမှာနား၊
ရာဝင်အိုးရယ်နဲ့
အိုးမျိုးစုံ ကြုံလေခိုက်၊ ဝယ်လိုက်ပါလား တဲ့၊

ကမ်းစပ်မှာမြောင်
ငါးဖေါင် ကုန်ရောင်းဖို့၊ ဒီချောင်းမှာနား၊
ခယင်းငါးရယ်နဲ့
ငါးမျိုးစုံ ကြုံလေခိုက်၊ ဝယ်လိုက်ပါလား တဲ့၊

ဒီလမ်းက ပန်းဗေဒါ
ဆန်ရေ စုန်ရေနဲ့
ထုံပေပေ သူမနား၊ သွားရခါခါ၏
ပါပါစ ရောင်းစရာ၊ ပါရှာဘူး သူတို့နည်း၊

အပြာမှာ အဝါကွက်ကယ်နဲ့
အတက်မှာ သူ့ရှင်ပျပေမယ့်
ကျလည်းလေ သူမငြင်းရှာဘု
ဒီချောင်းရေ ကောက်ကစင်းမှာ
ဆိုင်ခင်းလျက်ပဲ။ ။

K M Htike

http://myanmarmusic.homeip.net

# ချောင်းရဲ့အလှ

ကျူရိုးရှင် မနေတတ်လို့
ရေစပ်ကိုတဲ့ ဆင်းလို့လာ၊
မဗေဒါ စုန်ဆန်မျော၊ မောတဲ့နေရာ၊
ကျူရိုးရှင့် ဝါသနာ၊ ကဗျာနွဲ့ ချိုတေး၊
ဆန်မကုန် စုန်မခန်းမှာ၊ ပန်းရှာလိမ့်လေး တဲ့၊

အိုအချင်း မင်းပီပီ၊
ရေပြည့်မှာ ဗေဒါပန်း၊ ကမ်းနဲ့အညီ
ဆန်လိုက်ရ စီရရီ၊ တချီချီ တကြွကြွ၊
တက်ရေမှာ မြင်နေကျ၊ ချောင်းရဲ့အလှ၊

အိုအချင်း ပီပီငယ်၊
ရေကျမှာ ဗေဒါပန်း၊ ကမ်းရပ်ကို ဖယ်၊
ဝဲယာမှာ လတာကျယ်၊ အလယ်မှာ ဗေဒါမ၊
သက်ရေမှာ မြင်နေကျ၊ ချောင်းရဲ့အလှ၊
တက်ရေနဲ့ သက်ရေနယ်၊
ဆန်မကုန် စုန်မဆုံး၊ လုံးပတ်ချာလည်၊
ဗေဒါမ ခရီးသည်၊ ပန်းရှာမယ်ဆိုရလည်း၊
ဒီချောင်းမှာ အလှဖွား၊ ပွားခဲ့ပြီပဲ။ ။

http://Myanmarmusic.homeip.net

# သူ့လမ်းစဉ်

ကမ်းစပ်ကို မင်
လမုပင် အခြေကြီးနဲ့၊ အသီးတွေဖြိုး၊
ကမ်းခြေကို ဒီရေတိုး၊ ပြိုလဲမှာစိုး၊

ကမ်းစပ်ကို မင်
ဓနိပင် ယိုင်ငိုက်လို့၊ ခိုင်လိုက်ကယ်ဖြိုး၊
ဓနိခိုင် အလက်ထဲက၊ ခွဲရမှာစိုး၊

ကမ်းစပ်ကို မင်
လတာပြင် ငါးပျံလူးလို့၊ ပျော်မြူးကြရိုး၊
ဒီတက်လျှင် လတာနုန်း၊ ဒီဖုံးမှာစိုး၊

စိုးပါဘု သူ့မူရာ၊
ချောင်းတခွင် ပင်လယ်ဝက ပန်းလှဗေဒါ၊
ဆန်တက်ချိန်မှာ၊ ဆန်လာနိုင်ပါဘိ၊
စုန်ဆင်းချိန်မှာ၊ စုန်လာနိုင်ပါဘိ၊
သူ့လမ်းစဉ် သူမြင်ရဲ။ သူစွဲတတ်ဘိ။ ။

http://Myanmarmusic.homeip.net

K M Htike

# ချောင်းလှဖို့ကို

ဒီချောင်းမှာသာ၊ ကြာပါပေါ့လား၊
မပေဒါ ပြာနွဲ့နှောင်းငဲ့
ချောင်းတန်တန် ရေငန်ရပ်မှာ၊ စွဲတတ်နိုင်အား၊

သူ့စိတ်နဲ့ သူ့ကိုယ်၊
ချောင်းတခွင် မြင်သမျှ၊ ချောင်းလှဖို့ကို၊
ဘုတ်မက ချိုချင်ချို
ဗျိုင်းညိုက အောက်ချင်အောက်၊
အုန်းညီနှောင်း စောင်းချင်စောင်း
ချောင်း ကောက်ချင်ကောက်၊

သူ့လမ်းနဲ့ သူ့အမြင်
ချောင်းဒီရေ နေသမျှ၊ ချောင်းလှဖို့ပင်၊
ချောင်းဖျားက ထက်တခွင်
ပင်လယ်က အောက်တလွှား၊
စုန်ချည်ဆန်ချည်နဲ့
တလှည့်စီ ဒီသဘော၊ မျောကြမနား၊

ဒီချောင်းမှာသာ၊ ကြာချင်လှလေး၊
ကျူရိုးမောင် ရွှေသျှောင်စောင်းငဲ့
ချောင်းတန်တန် ရေငန်ထဲ၊ စွဲချင်လှလေး။ ။

http://Myanmarmusic.homeip.net

# ဗေဒါနဲ့ကျူပင်

မဗေဒါ၊ ဆန်လာပေ့ါ အပြင်း၊
ချောင်းကျယ်ကျယ် အလယ်ကျွန်း
ရေမွှန်းလိုက်ရင်း၊

ဗေဒါဆွေ၊ စုန်ရေနဲ့ ပြန်ဆင်း၊
ချောင်းကျယ်ကျယ် အလယ်ကျွန်း
သောင်ထွန်းလိုက်ရင်း၊

မဗေဒါ၊ ဆန်လာပေ့ါ အတင်း၊
နုန်းနှစ် လတာပြင်က
ညောင်ညိုပင် မြစ်ပါးပျဉ်း၊ ပုန်းရပြန်ရင်း၊

ဗေဒါဆွေ၊ စုန်ရေနဲ့ ပြန်ဆင်း၊
နုန်းနှစ် လတာပြင်က
ညောင်ညိုပင် မြစ်ပါးပျဉ်း၊ ခေါင်း ဖေါ်လိုက်ရင်း၊

ကျူပင်ရိုးမှာတော့၊ ယိမ်းထိုးရ တခါခါ
မဗေဒါ စုန်ဆန်မျော၊ မောတဲ့နေရာ၊
လွှဲလိုက်ရ ဘယ်နဲ့ညာ၊ ရိုးတံညှာ ရှက်စိမ်း၊
မနိုင့်တနိုင်နဲ့
ယိုင့်တယိုင် ဒီရေစီးကို၊ သည်းခံလို့ယိမ်း။ ။

http://Myanmarmusic.homeip.net

K M Htike

# ပွင့်ဖူးတံချီ

အပြာမှာ အဝါကွက်ကယ်နဲ့
ဝိုင်းစက်စက်ရွက်ငယ်ရှင်၊
မဗေဒါ ပင်လယ်အောက်က
ချောင်းပေါက်ကိုဝင်၊
ချောင်းတလျှောက် မယှ်လမ်းစဉ်
ယဉ်ပေစွတကား၊
ဗေဒါဆွေ ဒီရေထဲမှာ၊ ရဲပေစွတကား၊

ရေဆိပ်မှာတဲ့ ညံ့စီစီ၊
ပျိုလေးတွေ လက်တကမ်း၊ ပန်းဆန်ခဲ့ပြီ၊
လှမ်းကြပေါ့ မိတ်မိ၊ ကံသီလို့ တကတဲ၊
ဗေဒါပျံ့ ကံကကြီး၊ ရေစီးကြောင့်လွဲ၊

ခရုပတ် ဝဲငယ်ငယ်၊
ဗေဒါဆွေ ဒီရေကွေ့မှာ၊ ပြေးတွေ့ရတယ်၊
မဖြစ်လို့နှစ်တွယ်တွယ်၊ ဝဲလယ်က အနွဲ့၊
မဗေဒါ ပတ်ချာလှည့်။ လွဲထွက်နိုင်ခဲ့၊

လောင်စပ်က ခပ်တက်ပြင်၊
ရေဆန်မှာ စုန်မဆိုင်း၊ လှိုင်းယက်ပန်းဆင်၊
လှေဦးက ဘိလူးဝင်၊ လျင်နိုင်မှ လွတ်မြဲ၊
ဗေဒါပျံ့ လှေနံယိမ်း၊ တိမ်းခဲ့သည်ပဲ၊

ချောင်းဖျားက ငါး ငါးပျံ၊
လတာရောင် အကောင်သေး၊ မေးလိုက်ခဲ့ပြန်၊
ဗေဒါက ဖောင်သဏ္ဍာန်၊ ငါးပျံက ဖောင်စီး၊
ပြာဝါရောင် ဘယ်မည်သိုး၊ ပိုးခဲ့မည်ည်း၊

တက်ရေမှာဆန်၊ ကျပြန်တော့ စုန်ဆင်း၊
ပွင့်ဖူးတံ တချီချီနဲ့
ဗေဒါရီ ဒီရေကြောမှာ၊ မျောတတ်လေခြင်း။ ။

http://Myanmarmusichomeip.net

# ချောင်းတခွင်

ပွင့်ဖူးတံချို၊ ပေဒါရီတမိ၊
ချောင်းတခွင် သူဆန်သွား၊ ချောင်းဖျားအထိ၊

တရွာကိုကျော်၊ တခေါ်လောက်စခန်း၊
မပေဒါ ဆန်တဲ့ချောင်း၊ ကျောင်းနဲ့နတ်လမ်း၊

နတ်လမ်းကိုကျော်၊ တခေါ်လောက်စခန်း
မပေဒါ ယာဘက်ဘေး၊ တဲလေးအိမ်တန်း၊

လေးအိမ်ကိုကျော်၊ တခေါ်လောက်စခန်း
မပေဒါ မယ်လက်ဝဲ၊ ကွဲစားကျက်တန်း၊

စားကျက်ကိုကျော်၊ တခေါ်လောက်စခန်း၊
မပေဒါ ဝဲယာလိုက်၊ တောဖျိုက်ဖြူတန်း၊

ဖျိုက်တောကိုကျော်၊ တခေါ်လောက်စခန်း
မပေဒါ ပတ်ချာဝိုင်း၊ ကိုင်းမြက်ရှည်တန်း၊

ရောက်ပြန်လျှင်ပျော်၊ ကျော်ပြန်တော့ သူလွမ်း၊
ရောက်တိုင်း တပျော်ပျော်နဲ့
ကျော်တိုင်းသာ သူ့မှာလွမ်း
ချောင်း ပေဒါလမ်း။ ။

K M Htike

http://Myanmarmusic.homeip.net

# တင်းရပုံပဲ

ဖူးတံက ညိုတိုတို၊
စုန်ရေ ဆန်ရေနဲ့
ဗေဒါဆွေ ရေအလှ၊ ချောင်းမတခို၊
ငေန်နဲ့ရေချို၊ ဥဒဟိုမစဲ၊
နေ့မရှောင် ညမအား၊ နားရှာပဲ၊

နားချင်လို့ ခါတရံ
မဗေဒါ ရွာသူ့ပန်းပေမို့၊ ကမ်းကပ်မယ့်ကြံ၊
အစုန်မှာ ကပ်ရပြန်၊ အဆန်မှာ ခွာရမြဲ၊
အဆန်မှာ ကပ်လျှင်လည်း စုန်ဆင်းတော့ခွဲ၊

ကပ်ပြန်ရ ဝမ်းမသာ၊ ခွာပြန်တော့ ဝမ်းမနည်း၊
မဗေဒါ စုန်ဆန်ရင်း၊ တင်းရပုံပဲ။ ။

**ရန်ကုန်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်း(၁၉၅၉-၆၀)**

http://Myanmarmusic.homeip.net

# လှလိုက်မှာပဲ

ဘုတ်မက အီ၊ ဒီရေကျတေး၊
မဖေဒါ မယ့်ဒုံရင်း၊ ဆင်းချိန်မို့လေး၊

ဆင်းမယ့်လှော့ မဖေဒါ တဲ့၊
ကျူရိုးရှင် ပီပီကလေး၊ တေးသံကသာ၊
ရေထဦးဆီက
အဖူးနဲ့ အငုံဟာ၊ ပွင့်ပါပေ့ါခုများ၊
ပွင့်ပြာမှာ ဝါလဲ့ဝင်းမှ ဆင်းရမယ်လား၊

အိုအချင်း ကျူရိုးရှင်၊
စုန်ချည် ဆန်ချည်နဲ့
တပြန့်စီ ဒီတရား၊ ကြားပါစရှင်၊
တက်ချိန်ကျ တက်ခဲ့လျှင်၊ ဆင်းချိန်တွင် မနှေး၊
ဒီချောင်းနေ ဖေဒါမျိုးမှာ၊ ရိုးလှပြီလေး၊

အိုအချင်း ကျူရိုးရှင်၊
ပွင့်ပြာမှာ ဝါလဲ့ဝင်းမှ၊ ဆင်းပြလိုက်ချင်၊
အပွင့်ကားရယ်နဲ့
ချောင်းဖျားမှာ လှရွှေစင်
ချောင်းရေယဉ် လှပုလဲ၊
ချော်းဝမှာ မြတခဲ၊ လှလိုက်မှာပဲ။ ။

**ရန်ကုန်တက္ကသိုလ် ဆေးသိပ္ပံမဂ္ဂဇင်း၊ ၁၉၆၀**

http://Myanmarmusichomeip.net

K M Htike

# ဒီတရား

မတက်ရလျှင်တော့၊ တသက်ပဲ့ါ မခံပေါင် တဲ့၊
ကနစို တုံးတိုသစ်က၊ ကြွေးဟစ်ရန်ထောင်၊
မနက်က အသေကောင်
သူတောင်မှ တက်နိုင်သေး၊
ငါတုံးတို ကနစိုသားပေပဲ့ါ
ချောင်းဖျားကို ခါတခေါက်
ရောက်ရမယ်လေး တဲ့၊

ဒီချောင်းမှာ ဒီတရားတဲ့
ကြားမှာပဲ့ါ ကျူရိုးရှင်၊
ကနစို တုံးပျိုလှကို နားချပါရှင်၊
ဒီချောင်းကို ဝင်မိလျှင်
မထင်နဲ့ တခေါက်တည်း၊
တက်တုံ သက်တုံနဲ့
တက်မကုန် သက်မစဲ၊ မောလောက်အောင်ပဲ၊

ဒီချောင်းမှာ ဒီတရားတဲ့
ကြားမှာပဲ့ါ ကျူရိုးရှင်၊
ကနစို တုံးပျိုလှကို၊ နားချပါရှင်၊
ဒီချောင်းကို ဝင်မိလျှင်
တက်ချိန်တွင် ဆင်းနိုင်ပဲ၊
ဆင်းချိန်မှာ တက်လိုလည်း၊ စောင့်ရစမြဲ၊

မနက်က တက်တဲ့ဒီ၊ မမီလိုက်လေလည်း၊
ညဦးယံ ဒီပြန်တက်ပါလိမ့်၊
တက်စရာခက်ပါပဲ၊ ပန်းဗေဒါနည်း၊

**ရန်ကုန်တက္ကသိုလ် ဆေးသိပ္ပံမဂ္ဂဇင်း၊၁၉၆၀**

http://Myanmarmusic.homeip.net

# တိုးထွက်နိုင်မှ

နောက်ချောင်းက ပန်းနီလာ၊ ပေဒါမ လား၊
ရှေ့ချောင်းက ပန်းနီလာ၊ ပေဒါမ လား၊
ဒီဆိုင်ကျခါမှ
ချောင်းဝကို အရောက်ခဲ၊ တွဲတက်စို့လား တဲ့၊

နောက်ချောင်းက ပန်းပေဒါ၊ ဆန်လာပေါ့လေး၊
ရှေ့ချောင်းက ပန်းပေဒါ၊ ဆန်လာပေါ့လေး၊
ဒီဆိုင်မှာ နှစ်ခိုင်ခဲပေမယ့်၊
မတွဲ့သာ ကြာလေဝေး၊ ဝဲကျော်ကြောင့်လေး၊

ဝဲကျော်က မလော်မာပါတဲ့၊
ဒီအပြိုင် ဒီအဆိုင်ထဲ၊ ဝဲက တရာ၊
ဒီအားကြောင့် မနားသာ၊ ပတ်ချာလည် ဘဝ၊
ဝဲခွင် ဝင်သမျှ၊ တိုးထွက်နိုင်မှ။ ။

**ရန်ကုန်တက္ကသိုလ် ဆေးသိပ္ပံမဂ္ဂဇင်း၊၁၉၆၀**

http://Myanmarmusic.homeip.net

K M Htike

## မယ့်ဖြစ်နည်း

မဖေဒါ သောင်စပ်က၊ လှောင်တတ်ပေလေး၊
ကျူရိုးရှင် ပီပီအားနဲ့၊ လူကြွားတဲ့လေး၊

လှောင်ရက်ပေ့ ဖေဒါခင်၊
ဒီချောင်းရေ ကျွန်းမြေဖွား၊ ငါးငယ်မျှပင်၊
ကျူရိုးတံရှင်၊ ကြွားချင်လို့ဟုတ်ပဲ၊
ရွက်ရိုးဖြူ ကျူပလွေနဲ့
ကျူရိုးဖေ ငယ်စဉ်ကတည်း၊ ကျွမ်းခဲ့လို့ပဲ၊

မဖေဒါ သောင်စပ်က လှောင်တတ်ပေလေး၊
ကျူရိုးရှင် ပီပီကြော့နဲ့ လူကြော့တဲ့လေး၊

လှောင်ရက်ပေ့ ဖေဒါခင်၊
ဒီချောင်းမြေ ချောင်းရေလမ်း၊ ပန်းလှပြာစင်
ကျူရိုးတံရှင်၊ ကြော့ချင်လို့ဟုတ်ဘဲ၊
ဒီလှိုင်း တံတျာနဲ့
မဖေဒါ မယ့်ဟန်ပွဲ၊ လွှမ်းခဲ့လို့ပဲ၊

မဖေဒါ သောင်စပ်က လှောင်တတ်ပေလေး၊
ကျူရိုးရှင် ပီပီတေးနဲ့၊ လူငေးတဲ့လေး၊

လှောင်ရက်ပေ့ ဖေဒါခင်၊
နားမနေ ဒီရေစီးမှာ၊ ဟီးတိုက်လို့ပင်၊
ကျူရိုးတံရှင်၊ ငေးချင်လို့ဟုတ်ဘဲ၊
စုန်ချည် ဆန်ချည်နဲ့
ဖေဒါရီ မယ့်ဖြစ်နည်း၊ နွှမ်းခဲ့လို့ပဲ။ ။

**မွန္တလေးတက္ကသိုလ် နှစ်ပတ်လည်မဂ္ဂဇင်း၊ (၁၉၅၉–၆၀)**

http://Myanmarmusic.homeip.net

# စုန်တခါ ဆန်တလှည့်

မဖေဒါ သောင်စပ်က၊ လှောင်တတ်ပေလေး၊
ကျူရိုးသီ ပီပီတရားကို ကြားချင်သတဲ့လေး၊

လှောင်ရက်ပေ့ မဖေဒါ၊
ပီပီမှာ မယ့်စကားကြောင့် နားရှက်မိပါ၊
ချောင်းတလျောက် ရောက်လေရာ
ဖေဒါလဲ့ စိတ်စွဲ၊
ချောင်းနပန်းရယ်နဲ့
အဟာမ်းသံ ကျမ်းသံနှော၊ ဟောလိုက်ချင်လည်း၊

ဟောမယ်လို့ ကြံလိုက်လျှင်
ငါ့ပီပီ မြည်မရ အ ခဲ့ အခင်၊
တက်ရေနဲ့ သက်ရေယဉ်၊ တသွင်သွင် အလှ၊
ဘုတ်မ ပြိတီတီနဲ့
တအီအီ ဘယ်ဆီက ငေးမိခါမှ၊
မြည်ပြီတဲ့ သီပြီ
ချောင်းသာယာ လတာဘေးက
တေးကောက်ခဲ့ပြီ၊
ဒီချောင်းက ဖေဒါရီရယ်၊ ဒီရေကိုကြိုကွဲ့၊
စုန်တခါ ဆန်တလှည့် တေးသံချိုနဲ့။ ။

**မွန္တလေးတက္ကသိုလ် နှစ်လည်မဂ္ဂဇင်း၊(၁၉၅၉–၆၀)**

K M Htike

http://myanmarmusic.homeip.net

# ချောင်းကထွေထွေ

ချောင်းဝမှာ ပွေ၊ တေချင်လို့လေလား၊
မတိုးသာ ဒိုက်သရော၊ မျော ဆို့နိုင်အား၊

ဒီတက်ချိန်တန်၊ ဆန်နိုင်ပါ့မလား၊
မပေဒါ မယ့်ခရီးမှာ၊ သူ ဆီးလို့တား၊

အိုအချင်း ကျူရိုးဖေ၊
မယ့်လမ်းက ရာထောင်သောင်း
ချောင်းကထွေထွေ၊
သည်ချောင်းက တားပါစေ
ဟိုချောင်းရေ ရှိပါသေး၊
ဆန်ချိန်တော် ရေကျော်ဆိုက်အောင်
မင်းလိုက်ခဲ့လေး။ ။

ဆေးသိပ္ပံ နှစ်လည်စာစောင်၊ အတွဲ ၂၊ အမှတ် ၅၊ (၁၉၆၁–၆၂)

http://Myanmarmusic.homeip.net

# မင်းလိုက်လာစမ်း

လတာမှာ ကြာ
ဗေဒါ အပြာဖူးနဲ့၊ ဒီဦးကိုလင့်၊
တသသရယ်နဲ့
ရေထဲမှာ သူဆန်လို့
သူ့ဖူးတံ ပန်ချိန်သင့်၊ ချောင်းဖျားမှာပွင့်၊

အပွင့်နဲ့ မဗေဒါ၊
ချောင်းဝမှာ မပြစား၊ ချောင်းဖျားမှာသာ၊
မိုးဦးက မျိုးချလာ
ကိုဟဝါ ကြောင့်လေလား၊
ကိုဟဝါ တရွာသား၊ မင်းကြိုက်လို့လား၊

အပွင့်နဲ့ မဗေဒါ၊
ချောင်းဝမှာ မပြစား၊ ချောင်းဖျားမှာသာ၊
ဆောင်းဦးပေါက် ကောက်ရွှေဝါ
မိုးစာကြောင့်လေလား၊
မိုးနီလာ မိုးစာတေးမှာ ငေးချင်လို့လား၊

အိုအချင်း ကျူရိုးဖေ၊
အကြင်နာ ထင်ရာမေး၊ တွေးပါနဲ့လေ၊
ဒီချောင်းက တက်သက်ရေဗေဒါလဲ့ မယ့်လမ်း၊
နောက်တရေ မေဆန်ခိုက်မှာ
မင်းလိုက်လာစမ်း။ ။

**ဆေးသိပ္ပံ နှစ်လည်စာစောင်၊ အတွဲ၂၊ အမှတ် ၅၊ (၁၉၆၁–၆၂)**

http://myanmarmusic.homeip.net

K M Htike

# ပန်းဝင်နိုင်ပါရဲ့

ကျရေနဲ့ကြို၊ စုန်ရန်သာ တကား၊
မဗေဒါ ပြာလဲ့ဝင်းရယ်၊ ဆင်းချင်ရဲ့လား၊

ဟိုကမ်းမှာ ခရာချုံ၊ သည်မှာတုံ ပုံတော်တား၊
မဆင်းချင် မင်းဝင်တွဲ၊ ရဲလိုက်ပါလား၊

အိုအချင်း ကျူရိုးရှင်၊
မိရာတွယ် မယ်မတွဲ။ ရဲစိတ်မထင်၊
စုန်ချိန် ကျပြီမို့
စုန်ရလည်း မယ့်လမ်းပင်၊ ပန်းဝင်နိုင်ပါရဲ့၊
ပွင့်ဖူးစုံ ငုံတံနဲ့၊ ဆင်းလိုက်မယ်တဲ့။ ။

ငွေတာရီ၊ အမှတ် ၂၄၊ ဇွန် ၁၉၆၂

http://Myanmarmusic.homeip.net

# ကြံ့ဖန်ရ

သက်လာတဲ့ရေ၊ တောင်လေကဖမ်း၊
ရေပြင်မှာ လေဝင်စိုင်း၊ လှိုင်းကြက်ခွပ်လမ်း၊

ဒီလှိုင်းက လေသဟာ၊ ပေဒါက ရေသမား၊
ပေဒါခင် စုန်ချင်အား၊ ဒီလှိုင်းက တား၊

ဒုက္ခဟဲ့ မပေဒါ၊
လှိုင်းပုတ်ပြန် ဆုတ်ဟန်ပြု၊ ဆင်းရသူ့မှာ၊
ဆုတ်ပြန်လည်း သူဆင်းလာ
မြင်ပါပေ့ါ ပင်လယ်ဝ၊
ရေစုန် လေဆန်မို့
ပေဒါပျံ့ ကြံ့ဖန်ရ၊ ချောင်းဒီလောက။ ။

ငွေတာရီ၊ အမှတ် ၂၄၊ ဇွန်၊ ၁၉၆၂

K M Htike

http://Myanmarmusic.homeip.net

# ပန်းခဲ့သည်ပဲ

နေလုံးရယ်နီ
တိုပ်ပန်းချီ နေသွေးနဲ့ နတ်ရေးသည်သို့၊
ဒီအကျပေမို့
အလှ လတာပြင်က၊ ကျူရိုးရှင် လှေကလေးနဲ့
မျှော်ငေးလိုလို့၊

သူ့ကိုယ်သူလျှင်၊ ဘာထင်လေမသိ၊
ဘယ်ပြောင်း ညာပြန်နဲ့
ဟိုငါးပုံ လတာစွန်းမှာ၊ သူ့ကျွမ်းဟန်ချည့်၊

သူ့ကိုယ်သူလျှင်၊ ဘာထင်လေမသိ၊
ဘုတ်မ ခုနစ်သံချီ
တညံ့ညံ့ လတာစွန်းမှာ၊ သူ့လွမ်းသံချည့်၊

အို့အချင်း ကျူရိုးရှင်၊
သူ့မူရာ သူ့အတင်း၊ မင်းဆိုခဲ့စဉ်၊
မင်းကိုယ်လည်း မင်းပင်လျှင်
ဘာထင်လို့လေလဲ၊
မပေဒါ စုန်ဆန်လမ်းမှာ၊ ပန်းခဲ့သည်ပဲ။ ။

ငွေတာရီ၊ အမှတ် ၂၄၊ ဇွန်၊ ၁၉၆၂

http://Myanmarmusic.homeip.net

# မင်းပါမှပဲ

စာဘူးတောင်းမှာ၊ စာငါတို့ လင်မယား၊
သူတို့လွှမ်းကြတော့
မယ်လွှမ်းအောင် ပီပီနွဲ့ရယ်၊ တေးဖွဲ့ပါလား၊

ဖက်လိပ်အိမ်ဆင်၊ ခါချဉ်က လက်သမား၊
လက်ရာ ဆန်းပါဘိ
ကမ်းကုန်အောင် ပီပီနွဲ့ရယ်၊ တေးဖွဲ့ပါလား၊
မိုးတက်မယ့်ဟန်၊ ငါးပျံက ကျွမ်းသမား၊
အကြံ့ကြီးသူမို့
မီးပွင့်အောင် ပီပီနွဲ့ရယ်၊ တေးဖွဲ့ပါလား၊

ဖွဲ့ချင်ရဲ့နော်၊ ဖေါ်ချင်ရဲ့မနည်း၊
ဒီလှိုင်းပျံ ထန်ချင်ထန်တဲ့
ဆန်ချိန်တန် ဆန်တက်ရင်းသာပေ့ါ၊
ဆင်းချိန်ကုန် စုန်လို့ဆင်းပါတဲ့၊
ဗေဒါငယ် မယ်မငြင်းရယ်၊ မင်း ပါမှပဲ။ ။

ငွေတာရီ၊ အမှတ် ၂၅၊ ဇူလိုင် ၁၉၆၂

K M Htike

http://myanmarmusic.homeip.net

# ပန်းသီပါရဲ့

လမုပွင့်နီသွန္တာ၊ လတာက ညိုချော၊
လတာပြင် လမုတန်း၊ ကမ်းစပ်ကတော၊

ဒီလမ်းက ပန်းဗေဒါ၊
နေထွက်နေဝင်နဲ့
လတာပြင် လမုပါး၊ သွားရခါခါ၊
လမုနဲ့ လတာသာ၊ ကျွမ်းရှာတဲ့ ဗေဒါမ၊
လတာပြင် လမုတန်း၊ ပန်းမယ့်လောက၊

အိုအချင်း ကျူရိုးတံ
လမုစဉ် အနောက်နားက၊ ငါးခတ်တဲ့ခြုံ၊
အုန်းခြုံနဲ့ ဓနိခြုံ၊ ကွမ်းသီးခြုံပါတဲ့၊
စုန်ဆန်ရာ ဗေဒါလမ်းက၊ ပန်သီပါရဲ့၊

ဒခြုံနောက်က ရွာကိုလျှင်
ခြုံနောက်ကွယ် လယ်ကိုသန်း၊ လမ်းရွာ၀ ဝင်၊
ရွာသွားတဲ့ ရွာလမ်းစဉ်
ခွင်တခါ ခွေတလှည့်၊
စုန်ဆန်ရာ ဗေဒါလမ်းက ပန်းသီပါရဲ့၊

**ငွေတာရီ၊ အမှတ် ၂၆၊ ဩဂုတ်၊ ၁၉၆၂**

http://Myanmarmusichomeip.net

## မင်းစေနာ

အသာ အသာ
ပေဒါ မှုန် နွဲ့ငဲ့၊ စုန်ခဲ့ပါတဲ့၊
အောက်တခွင် ပင်လယ်ဝမှာ
ဒီကျလျှင် တဲ့၊

အသာ အသာ
ပေဒါ မှုန် နွဲ့ငဲ့၊ စုန်ခဲ့ပါတဲ့၊
ဒီချောင်းမြေ ညနေအေး
လေသွေးလျှင် တဲ့၊

အိုအချင်း ကျူရိုးရှင်၊
ကျရေမှာ ပြေပြေဆင်း၊ မင်းစုန်စေ့ချင်၊
တောင်လေးလည်း သွေးစေချင်
ချောင်းတခွင် မြစ်တန်း၊
မင့်စေနာ မယ့်မှာပန်း၊ လှိုင်းကြက်ခွပ်လမ်း၊

ငွေတာရီ၊ အမှတ် ၇၉၊ ဖေဖော်ဝါရီ၊ ၁၉၆၇၊

http://Myanmarmusic.homeip.net

K M Htike

# မယ့်သဘော

ကမ်းစပ်မှာထိုင်
ကျူမကိုင် လက်မှိုင်ချလို့။ ငိုင်လှချေတကား၊
ကျူရိုးရှင် အခင်သေးရယ်၊ ငေးလှချေတကား၊

မငေးလို့ မဖြစ်ပေါင်၊
တို့ချောင်းမှ ဖန်လာဆန်း၊ ပန်းရလေအောင်၊
မိုးထိအောင် လှေကားထောင်
ထောင်မယ်တဲ့ လတာဘေး၊
ပင်ကျရည် တမြူလောက်နဲ့
ချောင်းပေါက်မှာ ငါးပျံမှူး၊ မြူးရက်လို့လေး၊

အိုအချင်း ကျူရိုးရှင်၊
ချောင်းပေါက်မှာ ငါးပျံမြူးပေမယ့်
ကိုယ်မမြူးနေလိုက်လျှင်၊
ဆောင်းဦးပေါက်ပြီမို့
ကောက်ပင်နွဲ့မှည့်ပြီရှင်၊ တံစဉ်ကိုပြင်ပါတော့၊
အချိန်တန် စုန်ဆန်မြန်းတဲ့
ပန်းဖေဒါ မယ့်သဘောကို၊ စောလိုက်ပါနော့၊

**ငွေတာရီ အမှတ် ၉၀၊ ဒီဇင်ဘာ၊ ၁၉၆၇**

http://Myanmarmusic.homeip.net

# ဗေဒါခင်အသိ

တက်ပြန်ပေါ့ ဒီ၊ ဟီပြန်ပေါ့ ရေရိုင်း၊
အောက်တခွင် ပင်လယ်ဝမှာ၊ ဝဲထလို့ဝိုင်း၊

ရေရိုင်းက ထင်တိုင်းသာ၊
ဒီတက်ချိန် နှိမ်မရ၊ ဒေါထလို့သာ၊
ချောင်းပေါက်မှာ သူမြှောက်လာ
သူမညှာ၊ သူမသနား၊
ချောင်းတခွင် သူဝင်စ၊ ပြုခဲ့သူ့အား၊

သူ့အားကို ပြုလိုက်ရုံ၊
လတာပြင် ရေဝင်တိုး၊ ထိုးကြ ပလုံ၊
စွန်ဆိတ်တို့ ထိတ်လို့တုန်
တောင်ခုန်လို့ မြောက်ပြေး၊
ကျူရိုးရှင် အခင်သေး၊ ချောင်းဝမှာဆွေး၊

မဆွေးနဲ့ ကျူရိုးရှင်
အချိန်တန် ဒီမာန်ကျ၊ ချောင်းလှမြဲပင်၊
ချောင်းတလျှောက် ကောက်ကွေ့ဝင်
ဗေဒါခင် အသိ၊
နောက်တချီ ဒီရေဦး၊ ဒီရှူးချိန်ထိ၊

**ငွေတာရီ၊ အမှတ် ၉၁၊ ဇန်နဝါရီ၊ ၁၉၆၈**

http://Myanmarmusic.homeip.net

# မယ့်အိမ်ပဲ

ဒီ ကျချိန်တန်၊ အိမ်ပြန်တော့မလား၊
ပေဒါရီ ဒီရေကြောမှာ မျောတော့မယ်လား၊

ချောင်းဖျားက ခါးတမာ
ချောင်းဝသာ သကာပျား၊
ပေဒါဆွေ ကျရေကြိုက်၊ လိုက်တော့မယ်လား၊

အိုအချင်း ကျူရိုးရှင်၊
ခါးတမာ သကာပျား၊ ခြားလို့ဘုရှင်၊
မယ့်ဒီချောင်းမှာလ
ချောင်းဖျားလည်း မယ့်အိမ်ပင်
ချောင်းဝင်လည်း မယ့်အိမ်ပဲ၊
ဒီတက်ချိန်တန်
အိမ်ပြန်မယ် ဆန်မယ်ခဲ၊ ချောင်းဖျားကိုပဲ၊

**ငွေတာရီ၊ အမှတ် ၁၀၃၊ ဇန်နဝါရီ၊ ၁၉၆၉**

http://Myanmarmusic.homeip.net

# လမ်းရိုးပါကွဲ့

အနောက်ဖက်ဆီ၊ နေနီနဲ့ တိမ်ပန်း၊
ရှေ့ဆီမှာ ခနိတန်း၊ ချောင်းရှေ့ဖက်ကမ်း၊

ခနိတန်း၊ ကမ်းကွေ့မှာ
ဒီတက်ချိန် တိမ်အစွမ်း၊ ပန်းတော်တဲ့ခါ၊
ကွေ့အောက်က ရေနီလာ၊ ကွေ့ညာက မြသွေး၊
မပေဒါ ဆန်လာလမ်း၊ နန်းဆန်ပေ့လေး တဲ့၊

အိုအချင်း ကျုရိုးရှင်၊
မင်းတို့ရွာ တဖက်ကမ်း၊ လမ်းကအမြင်၊
မယ့်အနီး မယ့်ဝန်းကျင်
ချောင်းရေပြင် ကြည်လဲ့၊
စုန်ကာ ဆန်ကာနှင့် မြမပါ နီလာမဲ့
လမ်းရိုးပါကွဲ့။ ။

**ငွေတာရီ၊ အမှတ် ၁၁၁၊ စက်တင်ဘာ၊ ၁၉၆၉၊**

http://myanmarmusic.homeip.net

# ဒီရေသမီး

ဒီချောင်းမှာနေ၊ ဒီရေမှာ သူကြီး၊
ပီပေသည် ဒီရေသမီး၊ ချောင်းကောက်ကွေ့ခရီး၊
ဒီတက်ချိန်တန်၊ မဆန်ဟု သူမငြင်း၊
ဖေဒါဆွေ ဒီရေဦးမှာ၊ မြူးတတ်လေခြင်း၊

ဒီတက်ချိန်ကုန်၊ မစုန်ဟု သူမငြင်း၊
ဖေဒါဆွေ ဒီရေကျမှာ၊ လှတတ်လေခြင်း၊

မတွေ့ချင် မမြင်ချင်၊ မဝင်ချင်သော်လည်း
ဝင်လိုက်တယ် မယ်မလွဲ၊ ချောင်းဒီဆိုင်ဝဲ၊

မကွဲချင် မကွာချင်၊ မခွာချင်သော်လည်း၊
ခွာလိုက်တယ် မယ်မစွဲ၊ ချောင်းရေဆိပ်တဲ၊

ဆန်သူလည်း မဖေဒါ၊
စုန်လိုက် သူဆိုလျှင်လည်း၊ သင်းပဲဖေဒါ၊

အဆန်ရဲ့ အမြဲသာ၊ စုန်ချိန်ခါ စုန်သည်ချည်း၊
ပီပေသည် ဒီရေသမီး၊ ချောင်းကောက်ကွေ့ခရီး၊
ဝင်သူလည်း မဖေဒါ
ခွာလိုက် သူဆိုလျှင်လည်း၊ သင်းပဲ ဖေဒါ၊
အဝင်ရဲ့ အမြဲသာ၊ အစဉ်ခွာ ခွာသည်ချည်း၊
ပီပေသည် ဒီရေသမီး၊ ချောင်းကောက်ကွေ့ခရီး။ ။

**ငွေတာရီ၊ အမှတ် ၁၁၂၊ အောက်တိုဘာ၊ ၁၉၆၉**

http://Myanmarmusic.homeip.net

# သီပါ မြည်ပါ

ကမ်းစပ်မှာထိုင်
ကျူမကိုင် မှိုင်ငေးလို့၊ အဝေးကိုကြည့်၊
ကျူရိုးရှင် ပီပီသေးရယ်၊ တေးဆိတ်လှချည့်၊

အိုအချင်း မဗေဒါ၊
ငါမပိုင် ငါမငေး၊ ဝေးရပ်ကိုသာ၊
ဓနိတန်း အထက်မှာ၊ အာကာသ ပြာလဲ့၊
ကသိုဏ်းပုံ အာရုံနဲ့၊ ရွှန်းပီတိနဲ့၊

အိုအချင်း မင်းပီပီ၊
ထက်ကောင်းကင် ပြာလဲ့ဝင်းမှာ
မင်းမွှေ့တက်ပြီ၊
ချောင်းလောက သီကရီ၊မသိတော့ပြီလော၊
မင်းဘာသာ တကိုယ်ထူး၊ ကြည်နူးအံ့လော၊

သီပါတဲ့ မြည်ပါ၊
ဒီချောင်းမြေ ဒီရေအရေး၊ တေးဆိုသင့်ပါ၊
ဆန်စဉ်လည်း မယ်နားနာ
စုန်လာလည်း နာမှာပဲ၊
နာရင်းသာ စုန်ဆန်မြဲ၊ ချောင်း ဒီရေထဲ။ ။

**ငွေတာရီ၊ အမှတ် ၁၁၆၊ ဖေဖော်ဝါရီ၊ ၁၉၇၀၊**

http://myanmarmusic.homeip.net

# ချောင်းမအာသိ

ချောင်းမကိုဝင် မြင်ပါရဲ့လား၊
ဒီဆိုင်မှာ ပေါ်လာမြဲ၊ ဝဲကြီးပါလား၊

ဒီသရဲ ဝဲလယ်တွင်
ဝဲလှည့်ရာ ဗေဒါချောင်၊ မောရလိမ့်ထင်၊
ဒီဝဲကြောင့် မယ်ငြိုငြင်၊ နှုတ်မြစ်တင်စကား၊
ချောင်းမကို မယ့်လက်ညှိုး၊ ထိုးလိုက်မယ်လား၊

အိုအချင်း ကျူရိုးရှင်၊
မောလိမ့်မယ် တကယ်ပဲ၊ ဝဲလှည့်ခိုက်တွင်၊
ချောင်းမလဲ ကြုံမြဲပင် ဆင်ခြင်မိပါရဲ့၊
ချောင်းမကို ဒါပေမယ့်၊ ဝင်လိုက်မယ်ကွဲ့၊

ဒီဝဲကြောင့် မငြိုငြင်၊
ရေအိလျှင် ဒီသရဲ၊ ရှဲရမည်ပင်၊
ဒီသရဲ မရှဲခင်၊ ဗေဒါစင် ပြာအိ၊
ဒီဝဲဒဏ် ခံရည်ရှိ၊ ချောင်းမ အာသိ၊

ဒီဝဲကြောင့် မငြိုငြ်၊
မမောခင် ထွက်ချင်လည်း၊ ခဲရမည်ပင်၊
ဒီဝဲက ထွက်နိုင်ခင်၊ ဗေဒါစင် ပြာအိ၊
ဒီဝဲဒဏ် ခံရည်ရှိ၊ ချောင်းမအာသိ။ ၊

ငွေတာရီ၊ အမှတ် ၁၃၂၊ စက်တင်ဘာ၊ ၁၉၇၀

http://Myanmarmusic.homep.net

## တလှည့်စီ စုန်ဆန်မြဲ

မနက်ခင်းဆီက၊ စုန်ဆင်းခဲ့ မဗေဒါ၊
မွန်းတည့်ချိန် နေ့လည်ခင်း
သင်း ပြန်တက်လာ၊

ညနေစောင်းလာတော့
ချောင်းဖျားရောက် ဆိတ်ငြိမ်ရာ
မဗေဒါ မအိပ်၊
စုန်ချိန်မှာ စုန်ပြန်ရပေါ့၊
ချောင်းဝမှာ ပြန်စည်ကား
ချောင်းဖျားမှာ တိတ်၊

အိုအချင်း မဗေဒါ
ကျူရိုးရှင် ကျူတံသေးနဲ့
တေးချိုလို့သာ၊

ဆိတ်ငြိမ်ရာ စည်ကားရာ
ရောက်ရာမှာ မယ်မစွဲ၊
ကပ်ချည် ခွာချည်နဲ့
တလှည့်စီ စုန်ဆန်မြဲ
ညည်းတတ်ပါပဲ။ ။

**ဖျာပုံ စာပေလုပ်သား မဂ္ဂဇင်း၊ ၁၉၈၁**

http://Myanmarmusic.homeip.net

K M Htike

# ဇော်ဂျီ (၁၉၀၇–၁၉၉၀)

| | |
|---|---|
| ၁၉၀၇– | မေ ၁၂ ရက်၊ သောကြာနေ့တွင် ဖျာပုံမြို့၌ အဖ ဦးယော၊ အမိ ဒေါ်စိန်ညွန့်တို့မှ ဖွားမြင်သည်၊ သားချင်း ကိုးယောက်အနက် အကြီးဆုံးသားဦးဖြစ်သည်၊ အမည်ရင်း ဦးသိန်းဟန် ဖြစ်သည်၊ |
| ၁၉၁၂–၁၉၁၉ | ရှေးဦးစွာ ဖျာပုံမြို့ ဘုန်းတော်ကြီးကျောင်း၊ ထို့နောက် မြန်မာကျောင်း။ ဖျာပုံမြို့ အင်္ဂလိပ်မြန်မာ အစိုးရ အထက်တန်းကျောင်းတို့တွင် သတ္တမတန်း အထိ ပညာ သင်ကြားခဲ့သည်၊ |
| ၁၉၂၀– | ရန်ကုန်တက္ကသိုလ် ပထမသပိတ်ကြီးတွင် ဖျာပုံကျောင်းသူကျောင်းသားများနှင့်အတူ ဖျာပုံအမျိုးသားကျောင်းသို့ ပြောင်းရွှေ့ပညာသင်ကြားခဲ့ သည်၊ |
| ၁၉၂၄– | ရန်ကုန်မြို့ အမျိုးသား အထက်တန်းကျောင်း(သရက်တောကျောင်းတိုက်)သို့ ပြောင်းရွှေ့ပညာသင်ခဲ့သည်၊ ထို့နောက် အထောက်အပံ့ခံ မြို့မ အမျိုးသား(တိုင်းရင်းသား)အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်ခဲ့ပြီး ၁၁ ဆင့် တန်း အောင်မြင်ခဲ့သည်၊ |
| | သစ္စာဝါဒီ သတင်းစာတိုက်က ကြီးမှူးကျင်းပသော ကဗျာ ဘာသာပြန် ပြိုင်ပွဲတွင် စိတ္တသုခလင်္ကာဖြင့် သစ္စာဝါဒီဆု( ရွှေဒင်္ဂါး ငါးပြား) ရရှိခဲ့သည်၊ (စိတ္တသုခလင်္ကာသည် အင်္ဂလိပ်ကဗျာဆရာ Henry Wotton ၏ The Character of A Happy Life ကဗျာကို ဘာသာပြန်ဆိုခြင်းဖြစ်သည်) |
| ၁၉၂၅–၂၆ | ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ခဲ့သည်၊ |
| ၁၉၂၈ | နောင်အခါ ပထမဦးဆုံးသော ခေတ်စမ်းကဗျာ ဖြစ်လာမည့် ‘ပိတောက်ပန်း’ ကဗျာ ကိုဖွဲ့ဆို၍ ရှေးဦးစွာ ဟံသာကြေးမုံ စာစောင်တွင် ဖော်ပြခဲ့သည်၊ ထို့နောက် မတ်လထုတ် တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်း၌ ထပ်မံဖော်ပြခံရသည်၊ |
| | ဥပစာတန်းကို မြန်မာစာ အမှတ်အများဆုံးနှင့် အောင်မြင်၍ သာဒိုးအောင် ဆု ရခဲ့သည်၊ |
| ၁၉၂၉ | ဝိဇ္ဇာဘွဲ့ရခဲ့သည်၊ (မြန်မာစာပေ၊ အင်္ဂလိပ်စာပေ၊ အရှေ့တိုင်းနိုင်ငံများ သမိုင်း ဘာသာရပ်များဖြင့်အောင်မြင်ခဲ့သည်) |

http://Myanmarmusichomelp.net

| | |
|---|---|
| ၁၉၃၀၊ | ရန်ကုန်တက္ကသိုလ် ကျောင်းတိုက်၌ မြန်မာစာနည်းပြဆရာအဖြစ် အမှုထမ်းသည်၊ |
| ၁၉၃၁–၃၄ | ရန်ကုန် မြို့မ အမျိုးသားအထက်တန်းကျောင်းတွင် အထက်တန်း ပြဆရာအဖြစ် လုပ်ကိုင်ခဲ့သည်၊ |
| ၁၉၃၄ | ရန်ကုန်တက္ကသိုလ်၏ မဟာဝိဇ္ဇာသင်တန်းကို တက်ခဲ့သည်၊ (အင်္ဂလိပ်စာပေနှင့် မြန်မာစာပေ နှစ်ဘာသာ တွဲယူသည်) |
| ၁၉၃၆ | မဟာဝိဇ္ဇာဘွဲ့ရသည်၊ |
| ၁၉၃၆–၃၈ | မန္တလေး ဥပစာကောလိပ်၌ မြန်မာစာနည်းပြဆရာအဖြစ် အမှုထမ်းသည်၊ |
| ၁၉၃၈ | စာကြည့်တိုက်ပညာ၊ ပညာတော်သင်အဖြစ် လန်ဒန်တက္ကသိုလ် နှင့် ဒဗ္ဗလင်တက္ကသိုလ်တို့၌ ပညာသင်ခဲ့သည်၊ |
| ၁၉၄၀ | စာကြည့်တိုက်ပညာ ဒီပလိုမာ ရရှိခဲ့သည်၊ |
| ၁၉၄၁ | ရန်ကုန်တက္ကသိုလ်ကျောင်းတိုက် စာကြည့်တိုက်မှူးအဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်၊ အောက်တိုဘာလတွင် ဦးဆန်း၊ဒေါ်နှင်းဇင်တို့၏သမီး၊ ရန်ကုန်မြို့မ အမျိုးသမီးကျောင်း အထက်တန်းပြဆရာမ ဒေါ်စောရင် (ဘီအေ၊ဘီအီးဒီ)နှင့် လက်ထပ် ခဲ့သည်၊ |
| ၁၉၄၂ | ဒုတိယကမ္ဘာစစ်အတွင်း မြန်မာအစိုးရပညာရေးဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးဝန်(စာပေနှင့်စာကြည့်တိုက်ဌာနခွဲ)အဖြစ် တာဝန်ထမ်းဆောင်ခဲ့ သည်၊ |
| ၁၉၄၆ | ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှူးတာဝန် ထမ်းဆောင်သည်၊ |
| ၁၉၄၇–၄၈ | တိုင်းပြုပြည်ပြု လွှတ်တော်ရုံးနှင့် ရွေးကောက်ပွဲကော်မရှင်ရုံးတို့တွင် အထူးအရာရှိ(အခြေခံဥပဒေ အချောကိုင်ကော်မတီ၊ မြန်မာနိုင်ငံ တော်အလံ။ သီချင်းနှင့် တံဆိပ်ကော်မတီ အဖွဲ့ဝင်) အဖြစ် တာဝန် ပေးခြင်းခံရသည်၊ |
| ၁၉၄၈ | ဝဏ္ဏကျော်ထင်ဘွဲ့ရသည်၊ |
| ၁၉၅၀ | ချစ်ကြည်ရေးအဖွဲ့ဝင်အဖြစ်နှင့် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ခဲ့ သည်၊ |
| ၁၉၅၁–၅၂ | ပညာရေး လေ့လာရေး အဖွဲ့ဝင်အဖြစ် အင်္ဂလန်၊ အမေရိကန်၊ မက္ကဆီကိုနှင့် ကနေဒါ နိုင်ငံများသို့ သွားရောက်ခဲ့သငည်၊ |
| ၁၉၅၂–၅၇ | ပညာရေးဌာန၊ ကျောင်းသုံးစာအုပ်ပြုစုရေး(ထုတ်လုပ်ရေး) ညွှန်ကြားရေးဝန် အဖြစ် တာဝန်ယူခဲ့သည်၊ |

http://Myanmarmusic.jomein.net

| | |
|---|---|
| ၁၉၅၅ | 'သခင်ကိုယ်တော်မှိုင်းဋီကာ' စာအုပ်အတွက် စာပေဗိမာန်၏ စာပဒေသာဆု ရရှိခဲ့သည်၊ ချစ်ကြည်ရေးအဖွဲ့ဝင်အဖြစ် ထိုင်းသို့ သွားရောက်ခဲ့သည်၊ |
| ၁၉၅၉ | မြန်မာနိုင်ငံသမိုင်းကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ပေးခြင်းခံရသည်၊ |
| ၁၉၆၁ | (မေလ)ဂုဏ်ထူးအောင် မြန်မာစာပါမောက္ခအဖြစ် ဆောင်ရွက်သည်၊ သိရိပျံချီဘွဲ့တံဆိပ်ရခဲ့သည်၊ ချစ်ကြည်ရေးအဖွဲ့ဝင်အဖြစ် တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည်၊ |
| ၁၉၆၅–၇၅ | ပညာရပ် ဝေါဟာရ ကော်မတီဥက္ကဋ္ဌ။ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်၊ |
| ၁၉၆၇ | တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှူးအဖြစ်မှ အငြိမ်းစားယူသည်၊ ပညာရေးအထူးအရာရှိ(၁)၊ မြန်မာနိုင်ငံသုတေသနအသင်းဥက္ကဋ္ဌ တာဝန်များ ထမ်းဆောင်သည်၊ |
| ၁၉၇၆ | နိုင်ငံသမိုင်း သုတေသန ဦးစီးဌာန အကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်သည်၊ အိန္ဒိယသို့ ရာမစာတမ်းဖတ်ပွဲ တက်ရောက်ရန် ဦးခင်ဇော်(ကေ)နှင့် အတူ သွားခဲ့သည်၊ |
| ၁၉၇၉ | 'နင်လားဟဲ့ ချစ်ဒုက္ခနှင့် အခြားဝတ္ထုတိုများ' ဘာသာပြန်စာအုပ်ဖြင့် အမျိုးသားစာပေ(ဘာသာပြန်ရသစာပေ)ဆုရခဲ့သည်၊ |
| ၁၉၈၁ | အငြိမ်းစားဘဝကို အပြည့်အဝ စတင်ခံစားသည်၊ |
| ၁၉၈၇ | 'ရှေးခေတ်ပုဂံ ကဗျာစုနှင့် အခြားကဗျာများ' ကဗျာစာအုပ်ဖြင့် အမျိုးသားစာပေ(ကဗျာ)ဆု ရခဲ့သည်၊ |
| ၁၉၉၀ | စက်တင်ဘာ ၂၆ ရက် ဗုဒ္ဓဟူးနေ့ နံနက် ငါးနာရီခွဲအချိန်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ကမ္ဘာ့ဇလမ်း၊ အမှတ်(၁၀–က) နေအိမ်တွင် ကွယ်လွန်သည်၊ |

http://Myanmarmusichomein.net



# ဇေကြို

ပေဒါလမ်း

ကဗျာစု